လယ်ကြားကျေးရွာ

ကလောမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လယ်ကြားကျေးရွာ၊ ကလောမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ

မာတိကာ

စကားချီး ၅

လယ်ကြားကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ကလောမြို့နယ် ၇

(၁) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၈

(၂) သဘာဝအရင်းအမြစ်များ ၈

(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ ၅

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၆

(က) သီးနှံစိုက်ပျိုးရေး

(၂) မွေးမြူရေးလုပ်ငန်း

(ဂ) ငါးလုပ်ငန်း

(ဃ) စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၈

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာမီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

၆။ ပညာရေး ၈

၇။ ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ၉

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၉

၉။ ကျား – မ ရေးရာ ကိစ္စရပ်ဆိုင်ရာ ၉

၁၀။ ဦးစားပေးဆောင်ရွက်ရမည့် အဆိုပြု စီမံချက်လုပ်ငန်းများ ၁၀

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ တည်ဆောက်မှု အခြေပြဇယား

ကိုးကားစာရင်း

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၂ ခုနှစ် အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသောလူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေး ညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှု၊ပေါ်ပေါက်လာသည့်အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို

အဓိကဖော်ပြထားပါသည်။အပိုင်း(ခ)သည်စီမံကိန်းဆိုင်ရာအချက်အလက်၊အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဒီဇင်ဘာ၊ ၂၀၁၇

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
လယ်ကြားကျေးရွာ
ကလောမြို့နယ်

လယ်ကြားကျေးရွာသယ်ဇာတပြမြေပုံ၊ ကလောမြို့နယ်



(၁)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

လယ်ကြားကျေးရွာသည် ကလောမြို့နယ်၊ လယ်ကြားအုပ်စုနှင့် အောင်ပန်းမြို့သွား ကားလမ်းဘေးတွင်တည်ရှိသည်။စီးပွားရေးအရ အချက်အခြာကျသော အောင်ပန်းမြို့နှင့် (၂)မိုင်ကွာသာဝေးသည်။လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် သွားလာရလွယ်ကူသည်။ကျေးရွာတည်ရှိရာသည်ကုန်းပြင်မြင့်၊မြေပြန့်ဖြစ်သည်။အရှေ့ဖက်တွင် ရွာရှိပြီး၊အနောက်ဖက်တွင် တောင်တန်းရှိသည်။အဓိကသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ဒေသ၏ တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မ၄၀ကျော်တွင်ရှိသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် များစွာအထောက်အကူပြုသည်။ဘီလူးချောင်းရေရှိသဖြင့် နွေရာသီတွင်လည်း စိုက်ပျိုးနိုင်သည်။လယ်မြေအသင့်အတင့်ရှိပြီးယာမြေကပိုများသည်။စပါး၊နှမ်းစိုက်ပျိုးထုတ်လုပ်ရန်နှင့်သက်မွေးဝမ်းကျောင်းလုပ်ရန်တို့အတွက် အဓိက အားထားရာဖြစ်သည်။

(၂) သဘာဝအရင်းအမြစ်

ကျေးရွာ၏အရှေ့ဖက်တွင်ဘီလူးချောင်းရှိသဖြင့် စိုက်ပျိုးမြေများအတွက် ရေကိုလွယ်ကူစွာ ရရှိအသုံးပြုနိုင်ကြကာ စိုက်ပျိုးရေးအတွက် အကျိုးဖြစ်ထွန်းသည်။ ကျေးရွာတွင် လယ်ယာမြေအသင့်အတင့်ရှိကြပြီး မြေဆီအသင့်အတင့် ကောင်းမွန်သည်။ စိုက်ပျိုးမြေဧက (၄၅၀)ခန့်ရှိပြီးမိုးစပါးနှင့်နှမ်းသီးနှံများကိုအဓိကစိုက်ပျိုးသည်။ကျေးရွာတွင် သဘာဝတွင်းထွက်သယံဇာတများမထွက်ရှိပါ။/သဲ၊ကျောက်တောင်ရှိသဖြင့်တိုက်အိမ်များကိုဆောက်လုပ်နိုင်ကြသည်။ ကျေးရွာအနောက်ဖက် ရှိတောင်တန်းများသည် သဘာဝပေါက်ပင်များစုံလင်စွာ ပေါက်ရောက်ပြီး ကျေးရွာလူထုအတွက်ထင်း၊ဝါး၊သက်ငယ်၊ဆေးဖက်ဝင်အပင်နှင့်နွားစာများရရှိသည်။၎င်းတောကိုကျေးရွာမှ ထိမ်းသိမ်းထားသဖြင့် စိမ့်စမ်းရေခမ်းခြောက်မှုမရှိဘဲ သောက်သုံးရေ လုံလောက်စွာရရှိကြသည်။စားကျက်မြေသီးသန့်မရှိဘဲသဘာဝတိရစ္ဆာန်မျိုးစိတ်များလည်းရရှိနိုင်မှုနည်းပါးသွားပြီဖြစ်သည်။ ဆေးဘက်ဝင်အပင်များမှာ သာမန်တွေ့ရများသောအပင်များသာ ရှိသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

အိမ်ထောင်စုပေါင်း (၁၁၅)စုနှင့်ကျား(၂၂၃)၊ မ(၂၃၄) ဦးဖြင့် လူဦးရေပေါင်း(၄၅၇)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၃.၉၇)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက်လျော့နည်းသည်။ ကျေးရွာတွင် ဓနလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာရှိလူဦးရေအားလုံး၏ ၇၅%ရှိပြီး အမျိုးသမီးမှာ အမျိုးသားအရေအတွက်ထက် အနည်းငယ်ပိုများသဖြင့် အမျိုးသမီးများလုပ်ကိုင်နိုင်သည့် အလုပ်များကိုပဖါထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ပါက လူစွမ်းအားအရင်းအမြစ်ကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အအကူပြုစေနိုင်ပါမည်။

(၄) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က)သီးနှံစိုက်ပျိုးရေး

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့်အသင့်အတင့်ကောင်းမွန်သည်။ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၃၃%သည် ဆင်းရဲနှင့်၃၅.၆၅%သည်အလွန်ဆင်းရဲအိမ်ထောင်စုအဆင့်အဖြစ် သတ်မှတ်ကြပြီး၁၈.၂၆%သည်ချမ်းသာသည့်အဆင့်၊၁၃%သည် အလယ်အလတ်အဆင့်ရှိကြသည် ဟုသတ်မှတ်ကြသည်။ကျေးရွာတွင်လယ်ယာမြေပိုင်ဆိုင်မှု၊လက်လှမ်းမှီမှု၊လယ်ယာသုံးစက်ကရိယာ များ ပိုင်ဆိုင်မှုနှင့်ဆည်ရေသွင်းစိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာစီးပွါးရေးအနေအထားမှာ အသင့်အတင့် ကောင်းသည်ဟု ပြောနိုင်သည်။ချမ်းသာသောလယ်သမားအိမ်ထောင်စုများအပြင် အခြား လယ်သမားအိမ်ထောင်စုအချို့မှာလည်း လက်သမား၊ပန်းရံ၊ ဆန်ကြိတ်စက်စသော အသေးစားအိမ်တွင်းလုပ်ငန်းများတွင်လည်းပါဝင်ဆောင်ရွက်ကြသည်။ယင်းတို့အနက်ဆင်းရဲအ ဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်မျှပိုင်သော လယ်သမားများ၊ လက်လုပ်လက်စား၊ စိုက်ပျိုးရေးနေ့စားလုပ်သားများနှင့် မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက် တစ်အိမ် ရှိကာ ဆင်းရဲ၊ အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများပါဝင်ကြသည်။

(ခ)မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင်ကွဲ၊နွားမွေးမြူသူအိမ်ထောင်စုများရှိပြီးခိုင်းရန်အတွက်မွေးမြူကြသည်။ ဝက်မွေး သူအိမ်ထောင်စုမှာ (၈)အိမ်သာရှိပြီး ဒေသမှဝက်မျိုးများကို တစ်အိမ်လျှင် (၁) ကောင်၊ (၂) ကောင်မျှသာမွေးမြူကြသည်။ဒေသကြက်မွေးသည့်အိမ်ထောင်စုလည်း(၁၈)အိမ်ရှိပြီးတနိုင်တပိုင် မွေးမြူရေးလုပ်ငန်းများ နည်းပါးသည်။ ရာသီအလိုက်ဖြစ်ပွါးတတ်သော တိရစ္ဆာန်ရောဂါများ ရံဖန်ရံခါကျရောက်တတ်သည်။ကျေးရွာတွင် တနိုင်တပိုင်မွေးမြူသည့် အိမ်ထောင်စုအရေအတွက် နှင့်မွေးမြူသည့်ကောင်ရေနည်းပါးသည်။သီးနှံစိုက်ပျိုးရေးလုပ်ငန်းများကိုသာအစဉ်အဆက်လုပ်ကိုင် ကြခြင်း၊ၛင်းလုပ်ငန်းမှ ဝင်ငွေအထိုက်အလျောက်ရရှိနိုင်ခြင်းနှင့် မွေးမြူရေးလုပ်ငန်းကိုစိတ်ဝင် တစားဆောင်ရွက်လုပ်ကိုင်သူနည်းပါးသည်။မွေးမြူရေးဆိုင်ရာဗဟုသုတနည်းပါးခြင်း၊ ကူးစက် ရောဂါ အခါအားလျော်စွာကျရောက်တတ်ခြင်းနှင့် ဝင်ငွေရရှိမှု နည်းပါးခြင်းတို့ကြောင့်လည်း မွေးမြူရေးလုပ်ငန်းကိုစိတ်ဝင်စားမှုနည်းကြသည်။

(ဂ)ငါးလုပ်ငန်း

ကျေးရွာတွင် ရေမြေအနေအထားနှင့်မွေးမြူရန် နေရာအဆင်မပြေသောကြောင့် ငါးမွေးမြူရေး လုပ်ငန်းများ မရှိပါ။

(ဃ) စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင်စိုက်ပျိုးရေးလုပ်ငန်းမှအပ အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ ထော်လာဂျီမောင်း၊ အုတ်ရိုက်၊ ဈေးဆိုင်ရောင်း၊ လက်သမား၊ပန်းရံလုပ်ငန်းတို့ ဖြစ်ကြသည်။ လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှုအနည်းအပါးမှအသင့်အတင့်အနေအထားတွင်ရှိသည်။တစ်ချို့ကျပမ်းအလုပ်သမားအချို့သည် လခစားအလုပ်အနေဖြင့်အလုပ်လုပ်ကြသည်။

ပန်းရံ၊ လက်သမားများ၏ ဆရာအဆင့်လုပ်အားခမှာ တစ်နေ့ ၁၀,၀၀၀/- ကျပ်ရနိုင်ကြသည်။ ကျေးရွာတွင် စပါးနှင့် နှမ်းသီးနံများကို အဓိက စိုက်ပျိုးကြပြီး ကျေးရွာမှအလုပ်သမားများ အတွက် အလုပ်အကိုင် အသင့်အတင့်ရရှိကြသည်။ စပါးနှင့် နှမ်းစိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်များတွင် တစ်နေ့လုပ်အားခကို ပျမ်းမျှ၅,၀၀၀/- မှ ၇,၀၀၀/- ကျပ်အတွင်း ရနိုင်ကြသည်။ တစ်နှစ်အတွင်း အလုပ်လုပ်ရက်ပေါင်းမှ (၃၀ မှ ၄၀)ခန့်ရှိတတ်သည်။ လုပ်အားခရရှိမှုမှာ ကျားနှင့် မအတွက် မတူညီနိုင်ပဲ ကျားလုပ်အားခက အမြဲတမ်းလိုလို ပိုနေတတ်သည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားပြီး လူ့အရင်းအမြစ်အလားအလာကောင်းတစ်ရပ်ဖြစ်သည်။အောင်ပန်းမြို့ပေါ်တွင်သက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်သည့်(အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်လျှော့စသည့်သင်တန်းများရှိသော်လည်း စိတ်ဝင်စားမှုနည်းပါးခြင်း၊ သင်တန်းစရိတ်ခက်ခဲခြင်း၊ ဈေးကွက်နည်းပါးခြင်းတို့ကြောင့် ရွာသားအများစုသည် အဆိုပါသင်တန်းများကိုတက်ရောက်သင်ကြားမှုနည်းပါးကြသည်။ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည့်အပြင် လုပ်ငန်းအတွေ့အကြုံလည်း မရှိကြသောကြောင့် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်တွင်ရရှိမှုနည်းသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် သမဝါယမ ချေးငွေ၊အစုအဖွဲ့အလိုက်ငေါစု၊ငွေချေးအစီအစဉ်နှင့်ငွေကြေးကိုဆွေမျိုးများ၊မိတ်တွေများထံတွင်အများဆုံးချေးယူကြပါသည်။ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြားကြောင်းတွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲအိမ်ထောင်စုများကိုတွေ့ဆုံမေးမြန်းမှုအရ အများစုမှာ အကြွေးတင်ရှိမှု ရှိနေကြကြောင်း တွေ့ရသည်။

၅။အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က)ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာမှအောင်ပန်းမြို့သွားချဉ်းကပ်လမ်းကိုကျောက်ခင်းပြီးလမ်းကြိတ်စက်ဖြင့် ကြိတ်ပေးခဲ့ကာအမာခံလမ်းအဖြစ်အသုံးပြုနိုင်သည်။လမ်းပန်းဆက်သွယ်ရေးခက်ခဲ/ကောင်းမွန် သော်လည်းကျောက်ခင်းလမ်းကိုကွန်ကရစ်လမ်းအဖြစ်ခင်းပေးရန်ကျေးရွာသားများကလိုလားနေကြပါသည်။ရေလမ်းခရီးအသုံးပြုမှုမရှိပဲလမ်းပန်းဆက်သွယ်ရေး အတွက် စီး၊ မော်တော်ဆိုင်ကယ်(၁၁၀)စီး၊ ထွေလာဂျီ (၄)စီး၊ ကား (၄) စီးနှင့် နွားလှည်း (၅၆)စီး တို့ကို အသုံးပြုလျက်ရှိကြသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် ဆိုလာမီးဖြင့်သာအသုံးပြုနိုင်သေးသည်။ကျေးရွာသူ ကျေးရွာသားများမှ လျှပ်စစ်မီးရရှိရန် လိုလားလျက်ရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင်မိုဘိုင်းဖုန်းဆက်သွယ်ရေးကိုစျေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက်လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။အိမ်တိုင်းနီးပါးမျှလက်ကိုင်ဖုန်းအသုံးပြုနေကြပြီဖြစ်သည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက်အဆောက်အဦမရှိသေးသော်လည်း ဖတ်စရာစာအုပ်များရှိသည်။ရွာသားများသည် သတင်းစာ၊ ဂျာနယ်တို့ကိုလည်း ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံးအတိုင်းအတာဖြင့်တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အတော်အသင့်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

၆။ ပညာရေး

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိ ကြောင်းတွေ့ရှိရပါသည်။ သက်ကြီးရွာသားအများစုသည် မူလတန်းပညာရေး ကိုသာရရှိကြပြီး/သော်လည်းအခြေခံအရေး၊ အဖတ်၊အတွက်တို့ကိုတတ်မြောက်ကြသည်။

အလယ်တန်းနှင့်အထက်တန်းပညာတတ်ဦးရေနည်းပါးသည်။ဘွဲ့ရအရေအတွက်မှာအလွန်ပင်နည်းပါးသည်။ကျေးရွာတွင်အခြေခံပညာရေးကိုကျေးရွာရှိမူလတန်းကျောင်းတွင်သင်ကြားနိုင်သဖြင့် မူလတန်းအရွယ်ကလေးများမှာမူ မူလတန်းပညာကိုသင်ကြားကြသည်။အလယ်တန်း၊ အထက်တန်းကျောင်းပညာတို့အတွက် ရွာနှင့်(၅)မိုင်ကွာဝေးသည့် ပင်မကျေးရွာနှင့် အောင်ပန်းမြို့တို့တွင်တက်ရောက်သင်ကြားနိုင်ကြသည်။သို့သော်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆိုင်ရာ ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင် အခွင့်အလမ်းများသည်လည်းအလွန်နည်းပါးဆဲဖြစ်သည်။

၇။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီးအစား အစာပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ မူလတန်းကျောင်းတွင် ကျောင်းသူ/သားများကိုလည်း အပတ်စဉ်ခန့် အာဟာရတိုက်ကျွေးမှုများရှိပြီး အမျိုးသမီး၊လူငယ် လူရွယ်၊သက်ကြီးပိုင်းအများစုတို့သည်လည်း တကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင် များ အသင့်အတင့်ရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာမှ၂မိုင်ခန့်အကွာရှိ ပင်မရွာကျေးလက်ကျန်းမာရေးဌာန၊ဆေးပေးခန်း နှင့် အောင်ပန်းတိုက်နယ်ဆေးရုံတို့တွင် ရရှိနိုင်ကြပြီး (၁၀) မိုင်ခန့်ကွာဝေးပြီး ကားလမ်းဖြင့် အလွယ်တကူသွားလာနိုင်သောပင်လုံ/လွိုင်လင်မြို့နယ်ဆေးရုံ၊ ဆေးဆိုင်များနှင့်လည်း လက်လှမ်းမီသည်။

ကျေးရွာတွင် ရေတွင်း၊စိမ့်စမ်းရေကို အလွယ်တကူလုံလောက်စွာရနိုင်ကြပြီး ဝမ်းပျက် ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်စသောရောဂါဖြစ်ပွါးမှုများ နည်းပါးကြောင်း တွေ့ရသည်။ သွေးတိုးရောဂါနှင့်ရာသီအကူးအပြောင်းတွင် အဖျားအနာများ ဖြစ်ပွားမှုများသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်း၊ ပိုးသတ်ဆေးနှင့် ဓါတုမြေဩဇာသုံးစွဲမှုများပြားခြင်းတို့ကြောင့်မြေဆီလွှာအရည်အသွေးကျဆင်းလာကာသီးနှံအထွက် နှုန်းမှာ တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာသည်။ တောင်သူများအနေဖြင့် အလွယ်တကူရနိုင်သော ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ပုလင်းခွံ၊ဗူးခွံများကိုစနစ်တကျမစွန့်ပစ်ကြသဖြင့်သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ကျေးရွာတွင် မုန်တိုင်း၊ ငလျင်စသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်လေ့မရှိပါ။မြစ်ချောင်းများမရှိသောကြောင့် (မြေမြင့်သော အပိုင်းတွင်တည်ရှိသဖြင့်)ရေကြီးရေလွှမ်းခြင်းဘေးမှလည်းကင်းဝေးသည်။

မိုးဦးကျကာလတွင်လေနီကြမ်းတိုက်ခတ်မှု၊နွေရာသီတွင်တောမီးလောင်ကျွမ်းမှုမှတစ်ဆင့် ကူးစက်နိုင်သည့်ဘေးအန္တရာယ်သာ တခါတရံတွင်ကြုံတွေ့ရတတ်သည်။ သို့သော်လည်း မိုးရွာနောက်ကျခြင်း၊ မိုးခေါင်ခြင်းနှင့် အချိန်အခါမဲ့မိုးရွာသွန်းခြင်း စသည့် ရာသီဥတုဖေါက်မှုများမှာ နှစ်တိုင်းလိုလိုကျရောက်တတ်ပြီးတောင်သူများ၏ စီးပွားရေးကိုများစွာထိခိုက်ပျက်စီးစေသည်။

၉။ ကျား – မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင်ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားနှင့်မိသားစုအတွင်းကျား/မတို့၏ အခန်း ကဏ္ဍမှာအမျိုးသားများကသာဦးဆောင်၍ဆုံးဖြတ်ကြကြောင်းတွေ့ရသည်။
ရပ်ရွာအရေးကိစ္စများတွင်လည်းအမျိုးသားများကသာ ဦးဆောင်ကြသည်။ အမျိုးသမီးများမှာ

အိမ်မှုကိစ္စများနှင့် သားသမီးငယ်များကိုပြုစုထိန်းကျောင်းအပြင် အိမ်၏စီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်းဝင်ရောက်လုပ်ကိုင်ကြသည်။

ကျားနှင့်မအကြားပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။

ကျေးရွာတွင်အမျိုးသား၊အမျိုးသမီးများသည်သာမန်အားဖြင့်ပညာရေးနှင့်အခြားနယ်ပယ်များတွင်အခွင့်အရေးတူညီစွာရရှိသည်ဟုယေဘုယျပြောနိုင်ပါသည်။ပညာရေးနှင့်ဆိုင်သောကိန်းဂဏန်းများအရမူလတန်း၊အလယ်တန်းနှင့်အထက်တန်းများတွင်အမျိုးသမီးများကျောင်းတက်မှုပိုများသည်ကိုတွေ့ရသည်။(ကျား၊မအရေအတွက်မှာ အလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။) သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးများပါဝင်မှုမရှိကြောင်းတွေ့ရပါသည်။အခြားလူမှုရေးအသင်းအဖွဲ့များတွင်မူအမျိုးသမီးပါဝင်မှု အသင့်အတင့်ရှိကြသည်။ ကျားမတန်းတူညီမျှမှုနှင့်ပါတ်သက်၍ အသိပညာပေးခြင်းများကိုမြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့်ကျားမတန်းတူညီမျှမှု၊ဖွံ့ဖြိုးမှုတို့အတွက်ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
ကျေးရွာအဆောက်အအုံ					
	၁။ကျေးရွာလမ်းများကောင်းမွန်အောင်ဆောင်ရွက်ခြင်း	၃၁	၃	ရွာအဝင်လမ်း ကတ္တရာလမ်းခင်းခြင်း(၂/၅)မိုင်	
	၂။ကျေးရွာပိုင်အဆောက်အအုံတည်ဆောက်ခြင်း	၄၈	၁	ကျေးရွာပိုင် အုပ်ချုပ်ရေးမှူးရုံးတည်ဆောက်ခြင်း	
ပညာရေး					
စာသင်ကျောင်း	၂။ ကလေးပျော်၍ ဘက်စုံတော်စေ သည့် ကျောင်း အဖြစ် ဖန်တီး တည် ဆောက်ခြင်း၊	၃၇	၂	စာသင်ကျောင်းအုတ်တံတိုင်းကာရံခြင်း ၁၂၀'	

အကောင်အထည်ဖော်မည့် အချိန်ကာလ

စီမံချက်	အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁။ ကျေးရွာပိုင်အုပ်ချုပ်ရေးမှူးရုံး တည်ဆောက်ခြင်း	၁	——	——			
၂။ စာသင်ကျောင်းအုတ်တံတိုင်းကာရံခြင်း ၁၂၀'	၂	——	——			
၃။ ရွာအဝင်လမ်းကတ္တရာလမ်း ခင်းခြင်း(၂/၅)မိုင်	၃			——	——	——

စီမံချက်ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	ကျေးရွာပိုင်အုပ်ချုပ်ရေးမှူးရုံး တည်ဆောက်ခြင်း			√		
၂	စာသင်ကျောင်းအုတ်တံတိုင်း ကာရံခြင်း ၁၂၀'			√		
၃	ရွာအဝင်လမ်းကတ္တရာလမ်း ခင်းခြင်း (၂/၅)မိုင်			√		

ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်	မှတ်ချက်
၁	ဦးမြင့်နိုင်	ဦးအောင်တိုး	၁၃/ကလန(နိုင်)၀၃၂၃၈၂	၄၅	ဥက္ကဋ္ဌ	၀၉ ၇၇၁၃၅၅၃၈၉	
၂	ဦးစိုးလွင်	ဦးထွန်းရင်	၁၃/ကလန(နိုင်)၁၄၉၅၇၉	၄၅	အတွင်းရေးမှူး ၁	၀၉ ၇၈၄၀၁၈၁၀၂	
၃	ဦးထွန်းသိန်း	ဦးထွန်းသာ	၁၃/ကလန(နိုင်) ၀၆၈၁၇၈	၄၄	အဖွဲ့ဝင်	၀၉ ၇၉၆၅၂၀၇၇၁	
၄	ဦးဝင်းဖေ	ဦးစံခင်	၁၃/ကလန(နိုင်)၀၃၂၃၁၃	၅၀	ဘဏ္ဍာရေးမှူး	၀၉ ၂၅၇၃၂၅၀၇၅	
၅	ဦးကျော်မင်းထွန်း	ဦးဝင်းငွေ	၁၃/ကလန(နိုင်)၀၇၈၉၄၈	၃၀	စာရင်းကိုင်	၀၉ ၇၈၇၅၃၇၄၂၉	
၆	ဦးဗိုလ်ကြည်	ဦးပေါက်	၁၃/ကလန(နိုင်)၀၃၄၃၇၂	၄၆	စာရင်းစစ်	၀၉ ၉၇၆၇၈၄၈၈၀	
၇	ဦးဝင်းဇော်	ဦးထွန်းဖေ	၁၃/ကလန(နိုင်)၀၇၈၉၆၂	၃၂	အဖွဲ့ဝင်	၀၉၂၅၀၆၂၅၉၉၆	
၈	ဦးဇော်လွင်	ဦးထွန်းငွေ	၁၃/ကလန(နိုင်)၀၆၈၂၀၃	၃၈	သေ့ကိုင် ၁		
၉	ဦးအယ်ငြိမ်း	ဦးထွန်းမြိုင်	၁၃/ကလန(နိုင်)၀၇၅၄၁၅	၃၉	သေ့ကိုင် ၂	၀၉ ၇၈၇၄၃၉၄၇၂	

ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ တည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	**ပညာရေး**					
	စာသင်ကျောင်းလုံခြုံမှု မရှိသဖြင့် စိတ်အေးချမ်းမှု မရှိခြင်း	• အုတ်တံတိုင်းမရှိခြင်း	• ဦးဆောင်နိုင်မှု ရှိခြင်း • လုပ်အား	• ငွေကြေး	• ကျေးရွာနှင့် သက်ဆိုင်ရာ ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားပါမည်။	ခြံစည်းရိုး အုတ်တံတိုင်းကာရံခြင်း (၁၂၀')
၂	**လမ်း၊ တံတား၊ လျှပ်စစ်**					
	နွေရာသီ၌ ဖုန်ထခြင်းကြောင့် သွားလာခက်ခဲခြင်း၊	• ကျောက်ကြမ်းလမ်းသာဖြစ်နေခြင်း	• လုပ်အား	• ငွေကြေး	• ကျေးရွာနှင့် သက်ဆိုင်ရာ ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားပါမည်။	ရွာအဝင်လမ်းကတ္တရာလမ်းခင်းခြင်း(၂/၄)မိုင်

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
	လယ်ကြားကျေးရွာအုပ်စုတွင် အုပ်ချုပ်ရေးမှူးရုံးမရှိခြင်း ကျေးရွာပိုင်အဆောက်အဦမရှိခြင်း ကြောင့် အများပိုင်ပစ္စည်းများထားရှိရန် ခက်ခဲခြင်း	• အဆောက်အဦမရှိခြင်း	• မြေနေရာ • လုပ်အား	• ငွေကြေးလုံလောက်မှုမရှိခြင်း	• ကျေးရွာနှင့် သက်ဆိုင်ရာ ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားပါမည်။	အုပ်ချုပ်ရေးမှူးရုံးဆောက်လုပ်ရန် (၁၈'×၁၅'×၁၁')

ကိုးကားစာရင်း

၁။စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းလမ်းညွှန်စာအုပ်၊၂၀၁၇၊စက်တင်ဘာလ။

၂။ ၂၀၁၇ခုစက်တင်ဘာလကလယ်ကြားကျေးရွာတွင်ကျင်းပခဲ့သောကျေးရွာအခြေအနေ ကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှမှတ်စုများ၊

၃။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ကျေးရွာဆိုင်ရာရည်ညွှန်းမှတ်တမ်းစာအုပ်၊